mgyoe.com SAMPLE BOOK

တွေ အပြန်တွင် အိမ်ရှင် လင်မယားက ရေမွှေး ပုလင်း၊ ချောကလက်ထုပ်၊ လည်စည်း ပဝါနှင့် စာအုပ် စသည့် အမှတ်တရ လက်ဆောင်ကလေးတွေ ပေးသည်။ အိမ်ရှင် အမျိုးသားသည် နယူးယောက်တိုင်း သတင်းစာကြီးတွင် စာအုပ် ဝေဖန်သူ လုပ်ခဲ့ဖူးသည်။ အိမ်ရှင် အမျိုးသမီးကတော့ နာမည်ကျော် စာရေးဆရာမ ဖြစ်သည်။ ပါတီပွဲလာ ပရိသတ်များတွင် စာပေ ပညာရှင်များ၊ စာရေးဆရာများ၊ ရုပ်ရှင်မင်းသား မင်းသမီးများ၊ အဆိုကျော်များ စသည်ဖြင့် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ် ပေါင်းစုံ ပါဝင်သည်။ အရက်ခွက်တွေ၊ အမြည်းပွဲတွေ တစ်ခွက်ပြီး တစ်ခွက် တစ်ပွဲပြီး တစ်ပွဲ ကုန်သွားကြသည်။ စားပွဲထိုးမှူး တစ်ယောက်နှင့် စားပွဲထိုးမယ် နှစ်ယောက်တို့မှာ လက်မလည်နိုင် အောင် အလုပ် များနေကြသည်။ ဤညေ့ခံပွဲကို နှစ်စဉ် အမြဲတမ်း ကျင်းပသည်။ ညေ့သည်များ နံနက် သုံးနာရီ လေးနာရီ အထိ စားသောက် ပျော်မြူးကြမည် ဖြစ်သည်။

ည ၁၂ နာရီ ထိုးခါနီးတော့ ဧည့်သည် တချို့ ပြန်ဖို့ လုပ်ကြသည်။ ထို အထဲတွင် ရွှေဝါရောင် ဆံပင်နှင့် အမျိုးသမီး တစ်ယောက်လည်း ပါသည်။ သူသည် သားမွေး ဦးထုပ်ကို ဆောင်းကာ သားမွေး အင်္ကျီရှည်ကြီးကို ဝတ်ထား သည်။ သူ၏ သေးသေးသွယ်သွယ် ကိုယ်လုံးကလေးမှာ သားမွေး ကုတ်အင်္ကျီ ကြီးထဲ မြုပ်နေသည်။ အချမ်းလုံအောင် ကော်လာကို ထောင်ထားသောကြောင့် မျက်နှာ တစ်ဝက် ဖုံးနေသည်။ သူသည် အိမ်ရှင် ဇနီးမောင်နှံနှင့် မိတ်ဆွေများ အား နှုတ်ဆက်ကာ အိမ်သို့ လမ်းလျှောက် ပြန်ခဲ့သည်။ သူက တခြား အဖော် များနှင့် အငှားကား အတူ စီး၍ မပြန်ချင်။ သည်နေ့ တစ်ညနေလုံး လူတွေနှင့် ရောနှောပြီး အကြာကြီး နေခဲ့ပြီးပြီ။ ယခု အချိန်တွင် ဘယ်သူနှင့်မှ မတွေ့ချင် တော့။ တစ်ယောက်တည်းသာ နေချင်သည်။ နှစ်စဉ် ခရစ္စမတ် အကြိုည ရောက် တိုင်း သူ စိတ်မကောင်း ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း လွန်ခဲ့သော ခရစ္စမတ် ပါတီပွဲများကို လုံးဝ မတက်ဘဲ အိမ်ထဲတွင်သာ တစ်ယောက်တည်း ကုပ်နေခဲ့ သည်ချည်း ဖြစ်သည်။ သို့သော် ယခုနှစ် ယခုည ခရစ္စမတ် ပါတီပွဲကိုတော့ သူ တမင်တကာ တက်ဖြစ်အောင် တက်ခဲ့သည်။ သူသည် လူတွေနှင့် အဆက် ပြတ်နေခဲ့သည်မှာ ကြာပြီ။ ယခုတော့ သူ လူတောသူတောထဲ ပြန်ဝင်ချင်လာ သည်။ ခဏကလေး ဖြစ်ဖြစ် လူတွေနှင့် တွေ့ချင်စိတ် ဖြစ်ပေါ်လာသည်။

နှစ်ပေါင်း များစွာ အိမ်တွင်း အောင်းနေခဲ့ရာမှ ယခုကဲ့သို့ အပြင် ထွက် လာသော အခါ အသိမိတ်ဆွေတွေက အံ့သြနေကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သည်။ 'ပျော်စရာ ခရစ္စမတ် မဖြစ်တော့ဘဲ ကြေကွဲစရာ ခရစ္စမတ် ဖြစ်နေပါ ရောလား ဆရာမရယ်'

သူတို့ နှစ်ယောက် လူနာ ဘေးတွင် ရပ်ကာ အတန်ကြာမျှ စောင့်ကြည့် နေကြသည်။ ထို့နောက် သူနာပြုဆရာမ၏ အခန်းသို့ ဖြည်းဖြည်း လျှောက်လာ ခဲ့ကြသည်။ ထိုအခန်းတွင် အရေးကြီး လူနာခန်းမှ လူနာများ၏ အခြေအနေကို မိနစ်တိုင်း ပြနေသော ကွန်ပျူတာ သင်္ကေတများ ရှိသည်။ ဤနေရာတွင် နေ့နှင့် ည ခြားနားခြင်း မရှိ။ မီးရောင် ထိန်ထိန် လင်းကာ နေ့နှင့် ည အတူတူ ဖြစ် နေသည်။ အရာခပ်သိမ်းတို့သည် ပုံမှန် လှုပ်ရှားမှုဖြင့် ၂၄ နာရီလုံးလုံး လည် ပတ်နေကြသည်။ တစ်ခါ တစ်ခါတွင် မီးရောင် စူးရှမှုကို မခံနိုင်သော လူနာ များ၏ သွေးရူးသွေးတန်း ညည်းတွားသံများကို ကြားရသည်။ သို့သော် လူနာ အများစုကတော့ ဝေဒနာဒဏ်ကြောင့် မလှုပ်နိုင် မညည်းနိုင်ဘဲ မေ့မြောလျက် ရှိကြသည်။

'သူ့ပစ္စည်းတွေ သေသေချာချာ ကြည့်ကြသေးသလား မသိဘူး၊ တစ် ယောက်ယောက် နာမည် တွေ့ရင် ဖုန်းဆက်ပြီး အကြောင်းကြားနိုင်တာပေါ့'

ဒက်ဖနီ ဖီးလ်ဒ်လို နာမည်ကျော် အမျိုးသမီး တစ်ယောက် အနေဖြင့် ဆေးရုံပေါ်တွင် ယခုကဲ့သို့ လာကြည့်သူ တစ်ယောက်မျှ မရှိဘဲ ဖြစ်မနေသင့်။ သူ့ခင်ပွန်း ဖြစ်စေ၊ သားသမီးများ ဖြစ်စေ၊ သူ့စာပေ ကိုယ်စားလှယ် ဖြစ်စေ၊ ထုတ်ဝေသူ ဖြစ်စေ၊ အခြား မိတ်ဆွေများ ဖြစ်စေ သူ့ဘေးတွင် တစ်ယောက် ယောက်တော့ ရှိနေသင့်သည်ဟု သူနာပြုဆရာမ ဝတ်ကင်းက ယူဆသည်။ သို့သော် ဒက်ဖနီ ဖီးလ်ဒ်က ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ တော်တော် လျှို့ဝှက်သူ ဖြစ်သည်။ သူ့အကြောင်းကို သိသူ အလွန် ရှားသည်။ သူနာပြုဆရာမ ဝတ်ကင်းသည် သည်အကြောင်းတွေကို စာနယ်ဇင်းများတွင် ဖတ်ခဲ့ရဖူးသည်။

'သူ့ပစ္စည်းတွေ ရှာကြည့်တော့လည်း ကားမောင်း လိုင်စင်ရယ်၊ ပိုက်ဆံ နည်းနည်းပါးပါးရယ်၊ အကြွေး ဝယ်ခွင့် လက်မှတ် သုံးလေးစောင်ရယ်နှင့် နှုတ်ခမ်းဆိုးဆေး တစ်တောင့်ရယ်ပဲ တွေ့ရတယ်'

'ကျွန်မ တစ်ခါ ထပ်ရှာကြည့်ဦးမယ်'

ဆရာမ ဝတ်ကင်းက ဆေးရုံ မီးခံသေတ္တာထဲ သိမ်းထားသည့် အညိုရောင် မနီလာ စာအိတ်ကြီးကို ယူထုတ်လာပြီး အထဲမှ ပစ္စည်းများကို တစ်ခုစီ စေ့စေ့ စပ်စပ် ထုတ်ကြည့်သည်။ သူ လုပ်နေပုံသည် တစ်နည်းအားဖြင့် အရေးကြီးသလို တစ်နည်းအားဖြင့်လည်း ရိုင်းစိုင်းရာ ကျနေမလားဟု သူက တွေးမိသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

လေ့ကား စောင့်ရင်း သူ တွေးကြည့်သည်။ စာရေးဆရာမ ဒက်ဖနီ ဖီးလ်ဒ်က တော်တော် စိတ်ဝင်စားစရာ ကောင်းပါလား။ သူ့ကို မမြင်ဖူးတဲ့ ဆရာမ ဝတ်ကင်းလို လူတွေကတောင် သိပ်ပြီး လေးစား ချစ်ခင်နေကြပါလား။ သူ့ဝတ္ထုတွေက ဒီလောက်တောင်ပဲ တန်ခိုး သတ္တိ ရှိကြသလား။

ဘယ်လိုပင် ဖြစ်ဖြစ် သူ့အသက်ကိုတော့ အစွမ်းကုန် ကယ်တင်ကြရမည်သာ ဖြစ်သည်။ ဘယ်လူနာကို ဖြစ်ဖြစ် ဘယ်ဆရာဝန်ကမှ မသေစေချင်ပါ။ သို့သော် ဒက်ဖနီ ဖီးလ်ဒ်လို တန်ဖိုး ရှိသော ပုဂ္ဂိုလ်မျိုးကျတော့ ပို၍ပင် မသေစေချင်ပါ။

ဆရာဝန်ကလေး ဂျက်ကော့ဆင်သည် ဓာတ်လှေကားထဲ ဝင်ကာ သံတံခါးကို ပြန်ပိတ်လိုက်သည်။

သူနာပြုဆရာမ ဝတ်ကင်းသည် ဒက်ဖနီ၏ လက်ပွေ့အိတ်ထဲမှ ပစ္စည်းများကို တစ်ခုချင်း ထုတ်ကာ စစ်ဆေး ရှာဖွေနေမိပြန်သည်။ အရေးပေါ် သတင်း ပို့ရန် မည်သူ တစ်ဦးတစ်ယောက်၏ နာမည်ကိုမှ မတွေ့ရ။ သို့ဖြင့် အင်္ကျီအိတ်တွေကို နှိုက်ရှာပြန်သည်။ အင်္ကျီအိတ်ထဲတွင် ကလေးငယ် တစ်ယောက်၏ ဓာတ်ပုံ တစ်ပုံ တွေ့ရသည်။ ဓာတ်ပုံက အနားတွေ ကျိုးနေသည်။ သို့သော် ဓာတ်ပုံ စာရွက်က သစ်နေဆဲ။ ရိုက်ထားသည်မှာ သိပ်ကြာပုံ မရသေး။ ဓာတ်ပုံထဲမှ ကလေးငယ်မှာ ရွှေရောင် ဆံပင်၊ အပြာရောင် မျက်လုံးများနှင့် ချစ်စရာ ကလေး။

ကားမောင်း လိုင်စင်၊ အကြွေးဝယ် စာရင်း၊ ဒေါ်လာ နှစ်ဆယ်တန် တစ်ရွက်နှင့် နှုတ်ခမ်းဆိုးဆေး တစ်တောင့်တို့ အပြင် အဆိုပါ ကလေး ဓာတ်ပုံ ကလေးကိုသာ တွေ့ရသည်။

သူ့ အိမ်လိပ်စာမှာ ပတ် ရိပ်သာလမ်းနှင့် လက်ဇင်တန် ရိပ်သာလမ်း ကြားရှိ ၆၉ လမ်းပေါ်တွင် ဖြစ်သည်။ သူ နေသော တိုက်ခန်းသည် တော်တော် လှလိမ့်မည်ဟု သူနာပြုဆရာမက တွေးထင်မိသည်။ သို့သော် သူ့ကို အိမ်တွင် မည်သူတွေက စောင့်မျှော်နေကြပါလိမ့်မည်နည်း။

နာမည်ကျော် စာရေးဆရာမ တစ်ဦး အကြောင်း ဘာမှ မသိရသည်မှာ တော်တော်လည်း အံ့ဩဖို့ ကောင်းသည်။

ဖုန်းဆက်ကြည့်ရန် ဖုန်းနံပါတ်လည်း ရှာမတွေ့။


mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် ဒက်ဖနီသည် ကြောက်လန့်နေပုံ ရသည်။ သူက ဆရာမ၏ မျက်နှာကို အားယူပြီး ကြည့်ရင်း မျက်ကလူးဆန်ပျာ ဖြစ်နေသည်။

'ကျွန်မ ခင်ပွန်း' သူ့ပါးစပ်မှ သည်မျှသာ ထွက်လာသည်။

'သူ နေကောင်းပါတယ် မစ္စက် ဖီးလ်ဒ်၊ သူ နေကောင်းပါတယ်၊ ဘာမှ မပူပါနှင့်'

'သူ·· သူ ကလေးကို ရှာ·· ရှာဖို့ သွား·· သွားတယ်၊ ကျွန်မ·· ကျွန်မ'

ဆက်ပြောရန် အားအင် မရှိတော့။

ဆရာမက သူ့လက်ကို ဖြည်းဖြည်းသာသာ ပွတ်သပ်ပေးရင်း ပြောသည်။

'ဘာမှ မစိုးရိမ်ပါနှင့် မစ္စက် ဖီးလ်ဒ်၊ အားလုံး နေကောင်းပါတယ်၊ ဘာမှ မစိုးရိမ်ပါနှင့်'

ဆရာမ ဝတ်ကင်းက ပြောသာ ပြောလိုက်ရပေမဲ့ စိတ်ထဲကတော့ ဒက်ဖနီ၏ ခင်ပွန်း ဖြစ်သူကို သနားနေမိသည်။ သူ့ခမျာ မိန်းမ ပျောက်၍ စိတ်ပူပြီး ဒေါင်းတောက်နေရှာလိမ့်မည်။ ဒက်ဖနီသည် ခရုစ္စမတ် အကြိုညတွင် မေဒီဆင်ရိပ်သာ လမ်းပေါ်၌ တစ်ယောက်တည်း ဘာကြောင့် ရောက်နေရပါသနည်း။ ဆရာမ ဝတ်ကင်းက ယင်းသို့ တွေးမိပြီး ဒက်ဖနီ အကြောင်းကိုရော၊ သူနှင့် အတူ နေသူများ အကြောင်းကိုရော အလွန် သိချင်လာသည်။ စာရေးဆရာမ ဒက်ဖနီနှင့် သူ့မိသားစုတွေဟာ သူ ရေးတဲ့ ဝတ္ထုတွေထဲက လူတွေလိုများ ဖြစ်နေကြသလား။

ဒက်ဖနီသည် ပြန်လည်၍ မေ့မြောသွားသည်။

ဆရာမ ဝတ်ကင်းက တာဝန်ပြောင်း လက်မှတ် ထိုးရန် စားပွဲသို့ ထွက်လာခဲ့သည်။ သို့သော် သူသည် ဒက်ဖနီ အပေါ်တွင် အလွန် စိတ်ဝင်စားနေသောကြောင့် သူနှင့် တာဝန် ပြောင်းမည့် ဆရာမ မာဂရက် မက်ဂိုဝန်အား မေးဖြစ်အောင် မေးလိုက်သေးသည်။

'အခု လူနာ ဘယ်သူ ဆိုတာ သိရဲ့လား'

'ဟင့်အင်း၊ မသိဘူး'

'တခြားလူ မဟုတ်ဘူး၊ စာရေးဆရာမ ဒက်ဖနီ ဖီးလ်ဒ်'

'တကယ်လား ဟင်၊ ဘာရောဂါများပါလိမ့်'

ဆရာမ မာဂရက်က အံ့ဩသံဖြင့် ပြန်မေးသည်။ သူလည်း ဒက်ဖနီ ဖီးလ်ဒ်၏ စာဖတ် ပရိသတ်ပင် မဟုတ်လား။

'ရောဂါကြောင့် မဟုတ်ဘူး၊ မနေ့ညက ကားတိုက်ခံရလို့'


mgyoe.com

mgyoe.com SAMPLE BOOK

စာရေးဆရာမကို လွှန်ခဲ့သော လေးနှစ်ခန့်ကပင် သူ့စာအုပ်များမှ တစ်ဆင့် သိခဲ့ရသည်။ ထို့ကြောင့် ဆရာမ ဝတ်ကင်းက ဒက်ဖနီအား ရင်းနှီးသော အသိအကျွမ်း တစ်ယောက်လို ခင်မင်နေမိပြီ။

၇၇ လမ်းထိပ်မှ လက်ဇင်တန် ရိပ်သာ မြေအောက် လမ်းသို့ ရောက်လာသော အခါ ဆက်မလျှောက်တော့ဘဲ ရုတ်တရက် ရပ်လိုက်သည်။ ပြီးတော့ မြို့လယ်ဘက်သို့ လှည့်ကြည့်နေမိသည်။ အကြွေးဝယ် ကတ်ပြားများပေါ်မှာ တွေ့ရသော လိပ်စာမှာ ယခု သူ ရပ်နေသော နေရာနှင့် ရှစ်လမ်းလောက်သာ ခြားသည်။ ဂျက်ဖ် ဖီးလ်ဒ်ဆီကို သွားပြီး အကြောင်းကြားရ ကောင်းမလား။ အခု အချိန် ဆိုရင် သူ့ခမျာ မိန်းမကို ရှာမတွေ့လို့ အရူး တစ်ပိုင်း ဖြစ်နေရှာရော့မယ်။ ငါ့အနေနှင့် သွားပြောစရာတော့ မလိုပါဘူး။ ဒါပေမဲ့ လူလူချင်း ကိုယ်ချင်းစာ တရားတော့ ရှိရမယ်။ သူ့မှာ လင်တစ်ယောက် အနေနှင့် ဒီအကြောင်း သိပိုင်ခွင့် ရှိတယ်။ ငါ သွားပြောလိုက်ရင် အချိန်ကုန် သက်သာမယ်။ စိတ်လည်း ချမ်းသာမယ်။ ငါ သွားပြောလို့ ငါ့ကို ဘယ်သူမှ အပြစ်မတင်ပါဘူး။

သူ့ခြေလှမ်းများသည် ရေခဲပြင်ပေါ်တွင် အလိုအလျောက် လျှောက်သွားနေကြသည်။ လက်ယာဘက်ကို ကွေ့ပြီး ပတ် ရိပ်သာ လမ်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။ ထို့နောက် ၆၉ လမ်းထဲ ဝင်လာခဲ့သည်။ မကြာမီတွင် လိပ်စာပါ တိုက်ရှေ့တွင် ရပ်နေမိလျက်သား ဖြစ်နေသည်။ သူ မျှော်လင့်သည့် အတိုင်းပင် တိုက်က ကြီးလည်း ကြီးသည်။ လှလည်း လှသည်။ ယူနီဖောင်း ဝတ်စုံ ဝတ်ထားသော သူတစ်ယောက် တံခါးဝတွင် ရပ်နေသည်။ ထိုသူက ဆရာမ ဝတ်ကင်းအား စူးစမ်း အကြည့်ဖြင့် ကြည့်ကာ ခပ်ပြတ်ပြတ် မေးသည်။

'ဘာကိစ္စလဲ'

'ဒါ မစ္စက် ဖီးလ်ဒ်ရဲ့ အခန်းပါလားရှင်'

'မစ္စ ဖီးလ်ဒ် မရှိဘူးဗျ' သူ့အသံက အင်္ဂလိပ် အသံ ပေါက်သည်။

'ဟုတ်ပါတယ်၊ အဲဒါတော့ ကျွန်မ သိပါတယ်၊ ကျွန်မက သူ့ယောကျ်ားနှင့် စကား ပြောချင်လို့ပါ'

တံခါးစောင့်က မျက်ခုံး တစ်ချက် ချီလိုက်ပြီး 'မစ္စ ဖီးလ်ဒ်မှာ ယောကျ်ား မရှိပါဘူး'

တံခါးစောင့် ပြောပုံက ပိုင်ပိုင်နိုင်နိုင် ရှိလှသည်။ သူ တကယ် ပြောတာလား။ သူက လူသစ် တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဂျက်ဖ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

မသိတာ နေမှာပေါ့။ ဒါမှမဟုတ် ဂျက်ဖ်ဟာ ဒက်ဖနီရဲ့ ရည်းစားလည်း ဖြစ်ချင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒက်ဖနီက သူ သတိရလာတော့ 'ကျွန်မ ခင်ပွန်း' လို့လည်း ကယောင်ကတမ်းနှင့် မေးတယ်။ ဘာသဘောပါလိမ့်။

ဆရာမ ဝတ်ကင်းသည် မဝေခွဲနိုင်အောင် ဖြစ်နေသည်။

အတန်ကြာတော့မှ ထပ်မေးလိုက်သည်။

'ဒါဆိုရင် ဒီအိမ်မှာ တခြား တစ်ယောက်ယောက်များ ရှိသလားရှင်'

တံခါးစောင့်က ဆရာမအား ကြောင်ကြည့်နေသည်။

ရှင်းပြမှ ဖြစ်တော့မည်ဟု ဆရာမ ဆုံးဖြတ်လိုက်သည်။

'ကျွန်မ လာတာ တခြားကြောင့် မဟုတ်ပါဘူးရှင်၊ မစ္စ ဖီးလ်ဒ်ဟာ မနေ့ညက ကားတိုက်ခံရလို့ပါ' သူက အတွင်းက အဖြူရောင် ဆေးရုံ ဝတ်စုံ ပေါ်အောင် ကုတ်အင်္ကျီ ရင်ဘတ်ကို ဖွင့်ပြလိုက်သည်။ ပြီးတော့ ပလတ်စတစ်ဆွဲခြင်းထဲမှ သူနာပြုဆရာမဆောင်း ဦးထုပ်ပြားကလေးကိုပါ ထုတ်ပြသည်။ 'ကျွန်မက လီနောက် ကုန်းမြင့် ဆေးရုံက သူနာပြုဆရာမပါ၊ မစ္စ ဖီးလ်ဒ် ဆေးရုံ ရောက်လာတော့ သူ့ဆီ တစ်ယောက်မှ လာမကြည့်ကြပါဘူး၊ ကျွန်မ တို့က ဘယ်သူ့ကို အကြောင်းကြားရမှန်းလည်း မသိဘူး၊ အဲဒါနှင့် ကျွန်မ ဒီ ကို..'

'သူ ဘယ်လို နေသေးသလဲ၊ အခြေအနေ ကောင်းပါရဲ့လား ဆရာမ'

တံခါးစောင့်က စိုးရိမ်ဟန်ဖြင့် မေးသည်။

'အဲဒါတော့ အတိအကျ မပြောနိုင်သေးပါဘူး၊ ဒဏ်ရာက တော်တော် ပြင်းတော့ စိုးရိမ်ရတဲ့ အခြေအနေမှာပဲ ရှိနေပါသေးတယ်၊ ဒါနှင့် ဒီမှာ သူနှင့် အတူ နေတဲ့ လူတစ်ယောက်ယောက်များ မရှိဘူးလားရှင်'

တံခါးစောင့်က ခေါင်းခါပြသည်။

'လောလောဆယ်တော့ တစ်ယောက်မှ မရှိဘူး၊ နေ့တိုင်း လာတဲ့ အိမ်ဖော် တစ်ယောက် ရှိပေမဲ့ အခုလို စနေ တနင်္ဂနွေနေ့တွေမှာ မလာဘူး၊ သူ့ အတွင်း ရေးမှူး လုပ်တဲ့ ဘာဘရာ ဂျာဗစ် ဆိုတာကလည်း နောက်အပတ်မှ ပြန်လာမှာ'

ဒက်ဖနီထံမှ ခရစ္စမတ် လက်ဆောင်ကို ဘာဘရာက တံခါးစောင့်အား လာပေးရင်း ပြုံးပြုံးကလေး မှာသွားခဲ့ခြင်း ဖြစ်သည်။

'သူ့ကို ကျွန်မ ဘယ်လိုလုပ် ဆက်သွယ်ရပါ့မလဲ ဟင်'

တံခါးစောင့်က ခေါင်းခါပြပြန်သည်။ ဝတ်ကင်း ခေတ်ပုံကို ရုတ်တရက် သတိရမိပြီး 'ဒါနှင့် သူ့သားကလေးကရောရှင်၊ သူ ဘယ်မှာများ ရှိပါသလဲ'


mgyoe.com

mgyoe.com
SAMPLE BOOK

တံခါးစောင့်က ဆရာမအား ကြောင်ကြောင်ကြီး ကြည့်နေသည်။ သူ့အကြည့်က ဒီဆရာမ စိတ်မှ မှန်ပါရဲ့လားဟု တွေးနေပုံမျိုး။

'သူ့မှာ ဘယ်ကလေးမှ မရှိပါဘူး ဆရာမ' သူ ညာပြောနေတာများလားဟု ဆရာမက တွေးလိုက်သည်။ တံခါးစောင့်က ဆက်ပြောသည်။ 'မစ္စဖီးလ်ဒ်က မုဆိုးမပါ၊ သားသမီး တစ်ယောက်မှ မရှိပါဘူး'

ထိုစကားကြောင့် ဆရာမ ဝတ်ကင်း၏ ရင်ထဲတွင် ပြင်းစွာသော နာကျင်မှု တစ်ရပ်ကို နင့်ခနဲ ခံစားလိုက်ရသည်။ သူ ဘာစကားမှ မပြောနိုင်ဘဲ ခေတ္တ ရပ်နေသေးသည်။ ပြီးတော့မှ စိတ်ပျက်လက်ပျက်ဖြင့် ပြန်လှည့် ထွက်လာခဲ့သည်။

ချမ်းအေးလှသော ခရစ္စမတ် ပွဲတော် နံနက်ခင်းတွင် ဆရာမ ဝတ်ကင်းသည် လမ်းမပေါ်တွင် တစ်ယောက်တည်း လျှောက်နေသည်။ သူ့မျက်ဝန်း အစုံတွင်လည်း မျက်ရည်များ ရစ်ဝဲလျက်။ ချမ်းအေးလွန်း၍ မျက်ရည် လည်ခြင်းကား မဟုတ်။ မျှဝေ ခံစားခြင်း ဝေဒနာ၊ ဆုံးရှုံးခြင်း ဝေဒနာကို နှလုံးသားထဲတွင် မျက်ခနဲ ခံစားလိုက်ရသောကြောင့် မျက်ရည် ဝိုင်းလာမိခြင်းပါ။

စာရေးဆရာမ ဒက်ဖနီ ဖီးလ်ဒ်သည် အိမ်ထောင်သည် တစ်ယောက်မဟုတ်ဘဲ အိမ်ထောင်ပျက် မုဆိုးမ တစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသောအခါ ဆရာမ ဝတ်ကင်း၏ အတိတ် ဖြစ်ရပ်သည် အသစ် ပြန်ပေါ်လာခဲ့သည်။ သူ့ခင်ပွန်း လေယာဉ် ပျက်ကျ၍ ဆုံးခဲ့ရသည်ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာပြီး ရင်ထဲတွင် ဆို့နင့်လာသည်။ လင်သေ၍ တစ်နှစ်လုံးလုံး ပူဆွေးခဲ့ရသော ဒုက္ခကို အသစ် တစ်ဖန် ပြန်လည် ခံစားရသလို ထင်မှတ်မိသည်။

အခုတော့ သူ အဖြစ်မှန်ကို သိခဲ့ရပါပြီ။ စာရေးဆရာမ ဒက်ဖနီ ဖီးလ်ဒ်၏ ဝတ္ထုတွေထဲမှ လူတွေဟာ သူ့စိတ်ကူးဖြင့် ဖန်ဆင်းထားသော သက်မဲ့လူသားတွေ မဟုတ်၊ သူ့ဘဝထဲမှ သူ့အသည်းနှလုံးထဲမှ ပေါက်ဖွားလာသော တကယ့် လူသားတွေပါကလား။

ဟုတ်ပါပြီ။ သူ ကောင်းကောင်းကြီး သိရပါပြီ။

တကယ်တော့ စာရေးဆရာမ ဒက်ဖနီ ဖီးလ်ဒ်ဟာ သူ့ဝတ္ထုတွေက တစ်ဆင့် သူ့ဘဝကို တင်ပြနေတာပါကလား။

မိန်းမသား နှစ်ယောက်၏ ဘဝသည် တစ်သားတည်း ဖြစ်သွားသည်။ နှစ်ကိုယ် တစ်ဘဝ ဖြစ်သွားသည်။ သံယောဇဉ် ရစ်နှောင်မှုလည်း ပို၍ ခိုင်မာသွားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဝင်စားသည်။ အလွန် မြတ်နိုးသည်။ တက္ကသိုလ်မှ ဆင်းပြီးလျှင် သတင်းစာပညာဖြင့် အသက်မွေးမည်ဟု ရည်ရွယ်ထားသည်။ ထို့ကြောင့် အလုပ်သင်သဘောဖြင့် အောင်မြင်သော လူငယ် ရှေ့နေများ အကြောင်းကို ပင်တိုင်ဆောင်းပါးတွေ ရေးနေခြင်း ဖြစ်သည်။

ဂျက်ဖ်က ဒက်ဖနီအား မြင်မြင်ချင်း စိတ်ဝင်စားမိသည်။ ဒက်ဖနီအား တခြား ရှေ့နေ လူငယ်များထံမှ တစ်နည်းနည်းဖြင့် ဆွဲထုတ်ပြီး နေ့လယ်စာစား ဖိတ်သည်။

'မဖြစ်ဘူး ထင်တယ်၊ ကျွန်မက ဆောင်းပါး ရေးဖို့ အတွက် ရှင့်ကို အင်တာဗျူး လုပ်ရဦးမယ်' ဒက်ဖနီသည် ဆံပင်ကို အင်္ဂလိပ် ရှစ်ဂဏန်း ပုံစံ ကျစ်ဆံမြီး ကျစ်၍ လည်ကုပ်ပေါ်သို့ ချထားသည်။ ဆံပင်တွင် ခဲတံ တစ်ချောင်း ထိုးထားသည်။ လက်ထဲတွင်တော့ မှတ်စု စာအုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လို့။

အပြာရောင် မျက်လုံးရွဲကြီးတွေက ဂျက်ဖ်အား ရွှန်းရွှန်းစားစား ကြည့်နေသည်။ သူ့ပုံက ရယ်ပဲ ရယ်တော့မလိုလို။ 'ပြီးတော့ ရှင်လည်း အလုပ်လုပ်စရာ ရှိသေးတယ် မဟုတ်လား'

'တို့နှစ်ယောက်စလုံး အလုပ် လုပ်လို့ ရပါတယ်၊ နေ့လယ်စာ စားရင်းမင်းက ငါ့ကို အင်တာဗျူး လုပ်ပေါ့'

နောက်နှစ်လ သုံးလလောက်ကျတော့ သူတို့ နှစ်ယောက် တစ်တွဲတည်း တွဲကာ ဟိုဟိုသည်သည် လျှောက်လည်ကြသည်။ ပိုင်အရက်ဖြူ တစ်ပုလင်းနှင့် သစ်တော်သီးတွေ၊ လိမ္မော်သီးတွေ ဝယ်သည်။ ပြင်သစ် ပေါင်မုန့် တစ်လုံးနှင့် ဒိန်ခဲလည်း ဝယ်သည်။ ထို့နောက် ဗဟို ပန်းခြံ အတွင်းပိုင်းထဲ ဝင်လာခဲ့ကြသည်။ လှေတစ်စီး ငှားပြီး ရေကန်ထဲ လှေစီးကြသည်။

လှေလှော်ရင်း ဂျက်ဖ်က သူ့အလုပ် အကြောင်းတွေ ပြောသည်။

ဒက်ဖနီက သူ့ပညာရေး အကြောင်း၊ ဥရောပ ခရီး အကြောင်းနှင့် ကာလီဖိုးနီးယား တောင်ပိုင်း တင်းနက်ဆီးနှင့် မိန်းပြည်နယ်များတွင် ငယ်စဉ်က နေခဲ့ရသော ကလေး ဘဝ အကြောင်းတွေကို ပြောပြသည်။ ဒက်ဖနီ၏ မိခင်သည် တင်းနက်ဆီး ပြည်နယ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ဒက်ဖနီမှာ တောင်ပိုင်းသူပီပီ စကားပြော ကောင်းပြီး ပြတ်သားခြင်း ဖြစ်သည်။ သူ့ဖခင်ကတော့ ဘော့စတွန်သား။ ဒက်ဖနီ ၁၂ နှစ် သမီး အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ ဖခင် ကွယ်လွန်ပြီးသည့်နောက် တောင်ပိုင်းသို့ ပြန်ပြောင်းလာ

mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒါတော့ အတိအကျ မပြောတတ်သေးဘူး၊ ဝတ္ထုတိုတွေ ဆောင်းပါးတွေ ရေးချင်တယ်၊ တစ်နေ့ကျရင် စာအုပ် တစ်အုပ်လောက် ရေးကြည့်မလို့လည်း စိတ်ကူးတယ်၊ ဝတ္ထု စာအုပ် ပြောတာ'

'ဒါဆို ဘာလို့ မရေးတာလဲ'

ဒက်ဖနီက ခက်ကျယ်ကျယ်ကလေး ရယ်လိုက်သည်။

'ဒီအလုပ်က ဒီလောက်တောင် လွယ်လို့လား'

'ဘာလို့ မလွယ်ရမှာလဲ၊ မင်း ဆန္ဒ ရှိရင် ဘာမဆို လုပ်နိုင်ပါတယ်'

'ကျွန်မလည်း အဲဒီလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချင်ပါတယ်၊ ဒါပေမဲ့ စာအုပ် ရေးနေတုန်း ဘာနှင့် စားမလဲ'

ဒက်ဖနီသည် ဖခင် စုထားခဲ့သော ပိုက်ဆံဖြင့် တက္ကသိုလ် တက်နေခြင်းဖြစ်သည်။ ယခု အချိန်တွင် ပိုက်ဆံက သိပ်မကျန်တော့။ ကျောင်းပြီးအောင် ခံပါ့မလားလို့ စိတ်ပူနေရသည်။ သူ့မေမေဆီကလည်း တစ်ပြားမှ မထောက်ပံ့နိုင်။ မေမေသည် အတ္တလန္တာမြို့မှ အပ်ချုပ်ဆိုင် တစ်ဆိုင်တွင် လုပ်ကိုင်နေသည်။ သို့သော်လည်း သူ ရသည့် လခမှာ သူ့ဝမ်း ဝဖို့တောင် အနိုင်နိုင်။

'သူဌေး တစ်ယောက် ယူလိုက်ပါလား'

ဂျက်ဖ်က ပြုံးပြီး ပြောသည်။ သို့သော် ဒက်ဖနီကတော့ ဂျက်ဖ်၏ စကားကို ရယ်စရာဟု မထင်။

'ရှင့်လေသံကလည်း မေမေ့လေသံ အတိုင်းပါလား'

'မင်းမေမေကလည်း ဒီအတိုင်းပဲ ပြောသလား'

'ဟုတ်တယ်'

'ဒါနှင့် ဘွဲ့ရပြီးရင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ'

'သိက္ခာရှိရှိ အလုပ် တစ်ခုခုပေါ့၊ မဂ္ဂဇင်းတိုက်မှာ ဖြစ်ဖြစ် သတင်းစာတိုက်မှာ ဖြစ်ဖြစ် လုပ်ချင်တယ်'

'နယူးယောက်မှာလား'

'ဟုတ်တယ်'

'နွေရာသီ ကျောင်းပိတ်ရင် အိမ်မပြန်ဘူးလား'

'မပြန်ပါဘူး၊ ကျောင်းမှာပဲ နေမယ်၊ စာပဲ ဖိကြိုးစားနေမယ်၊ ဒါမှ မြန်မြန် ကျောင်းထွက်ရမယ်'

တကယ်တော့ သူ့မှာ အိမ်ပြန်ရန် ပိုက်ဆံ မရှိသောကြောင့် ဖြစ်သည်။

'မင်း အသက် ဘယ်လောက် ရှိပြီလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'မင်းကို ကိုယ် သိပ်ပြီး ချစ်နေမိပြီ ဒက်ဖနီ၊ မင်းက ရူးတယ်လို့ ထင်ချင်ရင် ထင်နိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ် မရူးပါဘူး၊ မင်း ဘယ်လိုပဲ ပြောပြော ယုံချင်ယုံ မယုံချင်နေ၊ ကိုယ်တော့ မင်းကို လက်ထပ်ကို ထပ်တော့မှာပဲ'

'ကျွန်မမှာ ပိုက်ဆံ မရှိဘူး'

'ကိုယ့်မှာလည်း တစ်ပြားမှ မရှိပါဘူး ဒက်ဖ်၊ ဒါပေမဲ့ တို့ တစ်နေ့ကျရင် ပိုက်ဆံ ရှိလာကြမှာပါ၊ ဒီကြားထဲမှာတော့ တို့လင်မယား နှစ်ယောက် လက်ဖက်ရည်နှင့် ကိတ်မုန့် စားနေကြတာပေါ့ ဟုတ်လား'

'ရှင် တကယ် ပြောနေတာလား ဂျက်ဖ်'

ဒက်ဖနီက သူ့မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။ သူ နောက်ပြောနေတာများလားဟု တွေးမိသည်။ နောက်ပြောတာ မဖြစ်ပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းမိသည်။

ဂျက်ဖရီက ဒက်ဖနီ၏ ပါးကလေးကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ကျန်တစ်ဖက်ဖြင့် ဒက်ဖနီ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ သူက စိတ်အား ထက်သန်စွာဖြင့် ပြောသည်။

'ဟုတ်ပါတယ်၊ ကိုယ် တကယ် အလေးအနက် ပြောနေတာပါ အချစ်ရယ်၊ ကိုယ်တို့ နှစ်ယောက် လက်ထပ်ရင် ပျော်စရာ ကောင်းတဲ့ အိမ်ထောင်ရေးကို တည်ဆောက်နိုင်မှာပါ၊ ဒါကိုတော့ ကိုယ် တကယ် ယုံတယ် ဒက်ဖ်၊ မင်းကို ကိုယ် ဒီနေ့ည လက်ထပ်လို့ ဖြစ်ပါတယ်၊ ကိုယ်တို့ နှစ်ယောက် ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာရမှာပါ၊ ဒီလို အဖြစ်မျိုး ဆိုတာက တစ်သက်မှာ တစ်ခါသာ ကြုံရတတ်တာပါ၊ ဒီလို အခွင့်အရေးမျိုးကို ကိုယ်တော့ ဘယ်နည်းနှင့်မှ လက်လွှတ်မခံနိုင်ဘူး၊ မင်းက ငြင်းရင်လည်း မင်း စိတ်ညွတ်လာတဲ့ အထိ ကိုယ်က စိတ်ရှည်ရှည်နှင့် စည်းရုံးမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်လုပ်ရပ်က မှန်တယ်လေ၊ ဒါကိုတော့ ကိုယ် တကယ် ပြောရဲပါတယ်' အတန်ကြာမျှ စကား ပြတ်သွားသည်။ ပြီးတော့မှ 'ဒီအချက်ကို မင်းလည်း သဘော ပေါက်လိမ့်မယ်လို့ ကိုယ် ယုံကြည်တယ်'

ဒက်ဖနီက မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ် ပုတ်ခတ်ရင်း ဂျက်ဖရီအား စိုက်ကြည့်နေသည်။

သူ့မျက်လုံး အစုံတွင် မျက်ရည်တွေ ဝိုင်းလာသည်။

'ကျွန်မ အချိန်ယူပြီး စဉ်းစားချင်ပါသေးတယ် ရှင်ရယ်၊ လောလောဆယ် ကျွန်မ ဘယ်လိုမှ မဆုံးဖြတ်နိုင်သေးလို့ပါ'



mgyoe.com

mgyoe.com SAMPLE BOOK
အရက် မရှိ။ အပျော် လှေစီး မထွက်။ ယနေ့ သူ မြင်တွေ့လိုက်ရသူမှာ ရွှေရောင် ဆံပင်နှင့် လူချော လူလှ တစ်ယောက်သာ ဖြစ်သည်။ ထိုလူချောက နေပူထဲတွင် ရပ်ကာ သူ့ကို ရွှန်းရွှန်းစားစား ပြုံးကြည့်နေသည်။ သူ့အပြုံးက ပိုင်ဆိုင်ပြုံး၊ နှလုံးသား အပြုံး။ သူ့အပြုံးကို ကြည့်ပြီး သူ တကယ် အလေးအနက် ခံစား နေရပြီဟု သိလိုက်သည်။

သူတို့ နှစ်ယောက် ကားတစ်စီး ငှားပြီး နေ့လယ်စာ စားရန် မက်ထရိုပိုလီတန် ပြတိုက်သို့ လာခဲ့ကြသည်။

ရေကန် ဘေးတွင် ထိုင်ကာ နေ့လယ်စာ စားကြသည်။ စားသောက်ပြီးတော့ သူက ဒက်ဖနီအား ကျောင်းသို့ ပြန်ပို့ပေးသည်။ ဒက်ဖနီ အလွန် ပျော်နေသည်။ ဂျက်ဖ်က သိပ်ပြီး ချစ်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ။ ချစ်စရာကောင်းရုံသာ မဟုတ်၊ တစ်သက်လုံး အားကိုးလောက်တဲ့ ခင်ပွန်းလောင်း တစ်ယောက်လည်း ဖြစ်သည်။ သူ့အနားမှာ နေရတော့ ဒက်ဖနီက ပျော်လည်းပျော်သည်၊ အားလည်း တက်သည်၊ လုံခြုံမှုလည်း ရှိသည်ဟု ထင်မိသည်။

ထိုညက ဒက်ဖနီက ဂျက်ဖ်အား သူ့တိုက်ခန်းသို့ ခေါ်လာပြီး ကိုယ်တိုင် ညစာ ချက်ကျွေးသည်။ စားသောက်ပြီးတော့ မနေ့ကလိုပင် ဂျက်ဖ် အစောကြီး ပြန်သွားသည်။

ထိုအပတ် ရက်အားတွင် ဂျက်ဖ်က ဒက်ဖနီအား ကွန်နက်တီကတ် ပြည်နယ်သို့ ခေါ်သွားပြီး အပေါင်းအသင်းများထံ သွားလည်ကြသည်။ တင်းနစ်ကစားကြသည်။ ရွက်လှေ စီးကြသည်။

အပြန်ကျတော့ ဂျက်ဖ်က ဒက်ဖနီအား အရှေ့ပိုင်း လမ်း ၅၀ ရှိ သူ့တိုက်ခန်းသို့ ခေါ်လာသည်။ သူကိုယ်တိုင် ညစာ ချက်ကျွေးသည်။

ထိုနေ့ညတွင် သူတို့ နှစ်ယောက် ပထမဆုံး အကြိမ် ချစ်ပန်းက် စိုက်ထူကြသည်။ ချစ်သစ္စာ နှံကြသည်။ တစ်ဦးကို တစ်ဦး ချစ်လိုက်ကြသည့် ဖြစ်ခြင်း။ ကြားလေသွေးတောင် ဝေးသည် ထင်ကာ တစ်ယောက်ကို တစ်ယောက် နှစ်ကိုယ့် တစ်ကိုယ် ပွေ့ဖက်ထားကြသည်။

ထို့နောက်တွင်တော့ သူတို့ နှစ်ယောက် နွေရာသီ ရက်အားတွေမှာ တတွဲတွဲတည်း တွဲကာ အခန်းထဲတွင် အချိန်ဖြုန်းလိုက် အပြင် လျှောက်လည်လိုက်ဖြင့် ပျော်မဆုံး ဖြစ်နေကြတော့သည်။

သည်လိုနှင့်ပင် အချိန်တွေ ကုန်မှန်း မသိ ကုန်သွားခဲ့သည်။ အီစတာ ပွဲတော် ရက်အား ရောက်လာသော အခါ ဂျက်ဖ်မှာ မစောင့်နိုင်တော့ဘဲ ဒက်ဖနီ


mgyoe.com

mgyoe.com SAMPLE BOOK

သူ ကြိုတင် ဝယ်ထားသော အချိန်မှတ် နာရီကို ဘေးတွင် ချပြီး ရင်တဖိုဖိုနှင့် ထိုင်စောင့်နေသည်။

မနက် လေးနာရီလောက်ကျတော့ ဗိုက်က မခံမရပ်နိုင်အောင် နာလာသည်။ သည်တော့မှ အချိန်ကျပြီဟု ဆုံးဖြတ်ကာ ဆေးရုံသို့ လာခဲ့ကြသည်။

ဆေးရုံတွင် ဆရာဝန်က အရေးတယူ စမ်းသပ် စစ်ဆေးသည်။

ဒက်ဖနီ၏ မျက်နှာက ပြုံးရွှင် လန်းဆန်းနေသည်။ သူ အလွန် စိတ်ခတ်တက်ကြွနေသည်။ ဂုဏ်လည်း ယူမိသည်။ ခင်ပွန်းသည်အား ခေါင်းနှင့် မှီထားရင်း အသက်ကို မျှင်းမျှင်းကလေး ရှူနေသည်။ သို့သော် သူ ပျော်နေသည်။ နာကျင်မှုကို သတိမရ။

'မောင်က သိပ်ပြီး တော်တာပဲ မောင်ရယ်၊ မောင့်ကိုလေ ကျွန်မ ဘယ်လို ချစ်မှန်း မသိဘူး သိလား'

ဂျက်ဖ်က ချစ်ဇနီးကလေးအား ဖေးမပြီး ကိုယ်ဝန်ဆောင်ခန်းထဲသို့ ခေါ်လာသည်။ ဇနီးသည် ဘေးတွင် ရပ်ကာ လက်ကို ဆုပ်ကိုင်ထားသည်။ ဇနီးသည်အား မျက်နှာဖုံး တပ်ပေးသည်။ လူနာ ဝတ်ရုံကြီး ဝတ်ပေးသည်။ ထိုညကိုးနာရီတိတိတွင် သားဖွားခန်းထဲ ဝင်လာခဲ့ကြသည်။

ဒက်ဖနီသည် နာကျင်မှုကို ကြိတ်ခံနေရှာသည်။ ဇနီးကလေး၏ ဒုက္ခကို ကြည့်ပြီး ဂျက်ဖ်မှာ မျက်ရည်များပင် ကျမိသည်။ တစ်ချိန်တည်းတွင် ဒက်ဖနီ၏ စိတ်ဓာတ်ကိုလည်း ချီးကျူးမိသည်။

ဤသို့ဖြင့် ဒက်ဖနီသည် အာဝေဏိက ဒုက္ခကို အလူးအလိမ့် ခံစားရင်း ဆယ်နာရီ ဆယ့်ငါးမိနစ် အချိန်တွင် သမီးဦးကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့လေသည်။

ကလေးငယ်သည် အသံကျယ်စွာ အော်ငိုရင်း ခေါင်းကလေး ထောင်ကာ လူ့လောကသို့ ရောက်ရှိလာခဲ့သည်။ မိခင် ဖြစ်သူက ဝမ်းသာလွန်းသဖြင့် အသံထွက်၍ပင် အော်လိုက်မိသည်။

ဆရာဝန်က ကလေးငယ်ကို ခြေထောက် နှစ်ဖက် မြှောက်ကိုင်ကာ မိခင်ရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်။ ဂျက်ဖ်က လက်တစ်ဖက်ဖြင့် ဇနီးသည်၏ ဆံပင်များကို ပွတ်သပ်နေပြီး ကျန်လက်တစ်ဖက်ဖြင့် သမီးကလေး၏ လက်ချောင်းကလေးများကို အသာအယာ ကိုင်ကြည့်နေသည်။ သူ့ရင်ထဲတွင် ပီတိလှိုင်းများ ဘောင်ဘင်ခတ်နေသည်။ သူ့မျက်နှာက ရွှန်းရွှန်းဝေအောင် ပြုံးလျက်။

'သမီးကလေးက ချောသလား မောင်ရယ်'


mgyoe.com

mgyoe.com SAMPLE BOOK

မစ္စက် ကာတစ် မေးခွန်းကြောင့် ဒက်ဖနီ အထိတ်တလန့် ဖြစ်သွားသည်။

သူ့အနေဖြင့် ကလေး ကျောင်းလခမှ မှန်မှန် ပေးနိုင်ပါ့မလားဟု သံသယဝင်၍ သည်လို မေးတာလား။

တကယ်တော့ သူ့မှာ ပိုက်ဆံ အလုံအလောက် ရှိပါသည်။ ရှိတဲ့ ပိုက်ဆံကလေးကို ခြစ်ခြစ်ခြုတ်ခြုတ် ချွေချွေတာတာ သုံးစွဲခဲ့သည်။ သူ့အတွက် အဝတ်အစားပင် များများစားစား ဝယ်မဝတ်ခဲ့။ သူ့မှာ ဂျက်ဖ်၏ အသက် အာမခံ ငွေတွေလည်း ရှိသေးသည်။ ထိုငွေများဖြင့် သားကလေး အတွက် အကုန်အကျခံမည်။ ကုန်ချင်သလောက် ကုန်ပါစေဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် သူက ပြန်ပြောလိုက်သည်။

'ကျွန်မ အလုပ် မလုပ်ပါဘူး ဆရာမကြီး၊ ကျွန်မမှာ ကျွန်မယောကျ်ားထားပစ်ခဲ့တဲ့ ပိုက်ဆံတွေ အလုံအလောက် ရှိပါတယ်'

'အို ကျွန်မက အဲဒီ ကိစ္စ အတွက် မေးတာ မဟုတ်ပါဘူး မစ္စက်ဖီးလ်ဒ်' မစ္စက် ကာတစ်က တကယ့် မေတ္တာ စေတနာဖြင့် ပြုံးပြီး ပြောသည်။ 'ကျွန်မ မေးတာက ကလေးကို ကျောင်းအပ်ပြီးရင် မိခင်ပါ ကလေးနှင့် အတူတစ်လတန်သည် နှစ်လတန်သည် နေစေချင်တာကြောင့် အချိန် ပေးနိုင်ပါ့မလားလို့ သိချင်တဲ့ အတွက်ပါ၊ တချို့ မိဘတွေ ဆိုရင် အဲဒီလိုပဲ နေနေကြပါတယ်၊ ကျောင်းမှာ ကလေး နေသားကျတော့မှ မိဘတွေ ပြန်သွားကြပါတယ်၊ အခုလည်း မစ္စက် ဖီးလ်ဒ်ရဲ့ သားကလေးက သိပ်ငယ်သေးတော့ မိခင်နှင့် ခွဲနိုင်မှာ မဟုတ်သေးဘူး၊ မစ္စက် ဖီးလ်ဒ် နေနိုင်မယ် ဆိုရင် မြို့ထဲမှာ တည်းခိုခန်းလေးတစ်ခု ရှိပါတယ်၊ တော်တော်လည်း သပ်သပ်ရပ်ရပ် ရှိပါတယ်၊ ဩစတြီးယန်း လင်မယား နှစ်ယောက် ဖွင့်ထားတာပါ'

'ကျွန်မ သားလေးကို နေ့တိုင်း လာကြည့်လို့ ရမှာလား ဆရာမကြီး' ဒက်ဖနီက မျက်ရည်စမ်းစမ်းဖြင့် မေးလိုက်သည်။

'ပထမတော့ နေ့တိုင်း လာကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ တဖြည်းဖြည်းနှင့် မသိမသာ အဆက် ဖြတ်သွားရင် ပိုကောင်းပါတယ်၊ ကျောင်းပို့ပြီးမှ ကလေးက မိခင်ကို ပိုပြီး တွယ်ကပ်နေရင် ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့ ရက်ကြာလာတာနှင့်အမျှ ကလေးဟာ တခြား အဖော်တွေနှင့် အလုပ် များလာမှာပါ၊ မိခင်နှင့် ခဏ ခဏ တွေ့ဖို့လည်း အချိန် သိပ်ရှိမှာ မဟုတ်ပါဘူး'

'ဒါဆိုရင် သားလေးက ကျွန်မကို မေ့သွားမှာလား ဟင်' ဒက်ဖနီက အားငယ်သံဖြင့် မေးလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မစ္စက် ဖီးလ်ဒ် အတွက်တော့ တော်တော်ကလေး ခက်ခဲနေလိမ့်မယ်၊ ကလေးတွေ အတွက်တော့ ဘာမှ ခက်ခက်ခဲခဲ မရှိပါဘူး၊ သူတို့ အဖို့တော့ ဘာမဆို သူ့အလိုအလျောက် သဘာဝ အတိုင်း အဆင်ပြေသွားတာပါပဲ၊ တကယ်တော့ ဒီကျောင်း ရောက်လာတာ သူတို့ အနေနှင့် လွတ်လပ်တဲ့ ကမ္ဘာသစ်ကို ရောက်လာတာပဲ မစ္စက် ဖီးလ်ဒ်'

'ဒါပေမဲ့ သူတို့ အတွက် တစ်သက်လုံး ဒီအခြေအနေမျိုး ရှိနေနိုင်ပါမလား ဆရာမကြီး'

'ရှိနေနိုင်ပါတယ်၊ တစ်သက်လုံး ဒီလိုပဲ ရှိသွားမှာပါ၊ မှန်ကန်တဲ့ နည်းလမ်းနှင့် ပြုပြင်သွားရင် သူတို့ကိုယ် သူတို့ တခြား လူတွေလိုပဲ ယုံကြည်မှု ရှိလာမှာပါ၊ တစ်နေ့ကျတော့ ကလေးက မစ္စက် ဖီးလ်ဒ်ကို ကျေးဇူးတင်လာပါလိမ့်မယ်၊ ဒါနှင့် မစ္စက် ဖီးလ်ဒ် နယူးယောက်ကို ပြန်သွားတဲ့ အခါ ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ၊ အလုပ် ပြန်ဝင်ဖို့ စိတ်ကူးသလား'

'အဲဒါတော့ ကျွန်မ အတိအကျ မပြောတတ်သေးဘူး ဆရာမကြီး၊ ကျွန်မ အလုပ် မလုပ်တာ တော်တော် ကြာသွားပါပြီ၊ ကျွန်မ အလုပ် ပြန်ဝင်ချင်ရင် သူတို့က ပြန်ပြီး လက်ခံပါ့မလား ဆိုတာ မပြောနိုင်သေးပါဘူး'

'ဒါနှင့် ကျွန်မ တစ်ခု မေးပါရစေ၊ အခု မစ္စက် ဖီးလ်ဒ်ရဲ့ သားကလေးနှင့် ပတ်သက်ပြီး ရလာတဲ့ အတွေ့အကြုံတွေ ခံစားချက်တွေကို မစ္စက် ဖီးလ်ဒ်လို တခြား အလားတူ မိဘတွေကို မျှဝေပေးချင်တဲ့ ဆန္ဒ မဖြစ်ပေါ်မိဘူးလား'

'ဘယ်လို မျှဝေ ပေးရမှာလဲ'

ဒက်ဖနီက အံ့သြစွာ ပြန်မေးလိုက်သည်။ သည်လို အတွေးမျိုးကို သူ ဘယ်တုန်းကမှ မတွေးခဲ့ဖူး။

'ဩော် ကျွန်မ ဆိုလိုတာက ဒီလိုပါ၊ အခုလို နားမကြား ကလေးတွေကို ပြုစု ပျိုးထောင်ရေးနှင့် ပတ်သက်ပြီး စာအုပ်စာတမ်းတွေ လုံလုံလောက်လောက် မရှိသေးပါဘူး၊ မစ္စက် ဖီးလ်ဒ်ဟာ တက္ကသိုလ်မှာ သတင်း ပညာနှင့် ဘွဲ့ယူလာတဲ့ လူလည်း ဖြစ်တယ်၊ ပြီးတော့ ကောလင်းစ် မဂ္ဂဇင်းမှာလည်း ဝင်လုပ်ဖူးတယ်၊ အဲဒီတော့ ဒီဘာသာရပ်နှင့် ပတ်သက်ပြီးတော့ ဘာလို့ စာအုပ် တစ်အုပ် မရေးတာလဲ၊ စာအုပ် မရေးတောင်မှ အခန်းဆက် ဆောင်းပါးတွေ ရေးရင် မဖြစ်ဘူးလား၊ ဖြစ်နိုင်ရင် ကြိုးစားကြည့်စေချင်ပါတယ်'

ဒက်ဖနီက ခေါင်းညိတ်လိုက်ပြီး 'ဆရာမကြီး ပေးတဲ့ အကြံဉာဏ် အလွန်ကောင်းပါတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးမက သူ့သားကလေးကိုပဲ တဖူးဖူး မှုတ်နေလို့ လင်က ပစ်သွားတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့'

'ဟုတ်ပါရဲ့တော်၊ သူ့ခမျာ ကြည့်ရတာ သနားစရာကလေးပဲ'

အဘိုးကြီးက ပြုံးသည်။ သူ့မိန်းမက သည်လိုပဲ လူတိုင်းကို သနားတတ်သည်။ သူများ အပူကို သူ့အပူ လုပ်တတ်သည်။

'သူ့ခမျာ သားကလေးကို အောက်မေ့နေတာ ဖြစ်လိမ့်မယ်၊ မစ္စက် ကာတစ်က ပြောတော့ ကလေးက တော်တော် ငယ်သေးတယ် ဆိုပဲ၊ သူ့မှာ ဒီကလေး တစ်ယောက်ပဲ ရှိသတဲ့၊ ဂရက်ချင် ကောလိပ် သွားတော့ မင်းလည်း သူ့လိုပဲ ဆွေးကျန်ရစ်ခဲ့တာပဲ မဟုတ်လား'

'ဒါပေမဲ့ သူ့အဖြစ်က ကျွန်မ အဖြစ်နှင့် မတူပါဘူးတော်၊ ဒါနှင့် တော် သူ့မျက်လုံးကို သေသေချာချာ ကြည့်မိရဲ့လား ဟင်'

'ကြည့်မိပါတယ်၊ တော်တော် လှတဲ့ မျက်လုံးတွေပဲကွ'

အဘိုးကြီးက ဇနီးသည်၏ ကျောကို ချစ်စနိုး တစ်ချက် ပုတ်လိုက်ပြီး နောက် ထင်းသယ်ရန် အပြင်သို့ ထွက်သွားသည်။

ကျေးဇူးတော်နေ့ ရောက်တော့ ဒက်ဖနီသည် ကျောင်းသို့ သွားပြီး သူ့သားကလေး အပါအဝင် ကလေးတွေနှင့် အတူ တပျော်တပါး ညနေစာ သွားစားသည်။

ညစာ စားပြီးသော အခါ အပျင်းပြေ ကစားကြသည်။ အန်ဒရူးကလေး က ခြေဟန်လက်ဟန် ပြကာ မျက်နှာထား တင်းတင်းဖြင့် သူ့ကို ကြည့်တော့ ဒက်ဖနီမှာ အလန့်တကြား ဖြစ်သွားမိသည်။ သူ တစ်ခါမျှ မခံစားရဖူးသော အားငယ် ဝမ်းနည်းခြင်း ဝေဒနာကို ခံစားရသည်။ သားကလေးအား ဤကျောင်းသို့ ပို့မိတာ အမှားကြီး မှားခဲ့ပြီဟုလည်း တွေးမိသည်။ အန်ဒရူးကလေးသည် သူ့သား မဟုတ်တော့။ အန်ဒရူးကလေးကို သူ မပိုင်တော့။ ကျောင်းက ပိုင်သွားပြီ။ သူ ကျောင်းကို စိတ်နာလာသည်။ သားကလေးကိုလည်း ဒေါသ ထွက်သည်။ ထို့ကြောင့် သားကလေးအား ဒေါသ မျက်နှာဖြင့် ကြည့်နေမိသည်။

သားအမိ နှစ်ယောက်၏ တင်းမာနေသော အခြေအနေကို ကျောင်း အုပ်ချုပ်ရေးမှူး ဆရာမကြီး မစ္စက် ကာတစ်က ကြားဝင် ဖျန်ဖြေပေးရသည်။ တကယ်တော့ သူတို့ သားအမိ ဤသို့ ဖြစ်ရသည်မှာ အဆန်း မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်ဟု မစ္စက် ကာတစ်က ဒက်ဖနီအား ရှင်းပြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အန်ဒရူးကလေး အတွက် အရာရာတိုင်းသည် လျင်မြန်စွာ ပြောင်းလဲနေသည်။ သို့သော် ဒက်ဖနီ အတွက်မူ ပြောင်းလဲမှု နှေးကွေးနေသည်။ နောက်ကျနေသည်။ သို့သော် ဘာမှ ပူစရာ မလို။ ဤသည်မှာ သဘာဝသာ ဖြစ်သည်။

တစ်နေ့ အချိန်တန်လျှင် သားအမိ နှစ်ယောက်တို့၏ ဆက်ဆံရေးသည် ပြေပြစ် ကောင်းမွန်သွားမည်မှာ မလွဲဧကန် ဖြစ်သည်ဟု မစ္စက် ကာတစ်က ရှင်းပြသည်။

ထိုနေ့က ညစာ စားချိန် ရောက်တော့ သားအမိ နှစ်ယောက် လက်ဆွဲပြီး စားသောက်ခန်းသို့ လာကြသည်။ အခြား ကလေးများနှင့် မိတ်ဖွဲ့ကြသည်။ ညစာ မစားမီတွင် အန်ဒရူးကလေးသည် လက်ဟန်ခြေဟန်ဖြင့် ဆုတောင်း မေတ္တာ ပို့သည်။ ဒက်ဖနီမှာ သားကလေး အတွက် ဂုဏ်ယူမဆုံး ဖြစ်ကာ ဝမ်းသာလွန်း၍ မျက်ရည်ပင် လည်မိသည်။

သားကလေးက သူ့မေမေကို ကြည့်ပြီး ပြုံးနေသည်။

စားသောက်ပြီးသော အခါ တခြား ကလေးများနှင့် ကစားကြပြန်သည်။ ကစား၍ ညောင်းလာတော့ အန်ဒရူးကလေးက မေမေ့ ရင်ခွင်ပေါ် လာထိုင်ပြီး မေမေ့ကို ဖက်ထားသည်။ ခဏကြာတော့ အန်ဒရူးကလေး အိပ်ပျော်သွားသည်။ ဒက်ဖနီက သားကလေးအား တယုတယ ပွေ့ဖက်ကာ အသာအယာ လှုပ်သိပ်သည်။

ထို့နောက် သားငယ်အား အိပ်ခန်းသို့ ချီယူလာခဲ့သည်။ အဝတ်အစား လဲပေးပြီး အိပ်ရာပေါ်တွင် သိပ်လိုက်သည်။ ပြီးတော့ သားကလေး၏ နဖူးကလေးကို တစ်ချက် နမ်းရှုပ်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အောက်ထပ်တွင် တခြား ကလေးများ၏ မိဘများ ထိုင်နေကြသည်။ ဒက်ဖနီက သူတို့နှင့် စကား မပြောချင်တော့။ သူ့အခန်းသို့ ပြန်ရန်ကိုသာ စိတ်စောနေသည်။ သူက တစ်ကိုယ်တည်းသာ အေးအေးဆေးဆေး စိတ်ကူး နေချင်သည်။ သူ့ရင်ထဲမှ ခံစားချက်ကို နေ့စဉ် မှတ်တမ်းထဲတွင် ဖွင့်အန်ရင်း သာ အချိန် ဖြုန်းနေချင်သည်။

သူသည် ခါတိုင်း ပြန်နေကျ လမ်းအတိုင်း ကားမောင်း၍ ပြန်လာခဲ့သည်။

တစ်နေရာသို့ အရောက်တွင် ဖောက်ခနဲ အသံ ကြားလိုက်ရသဖြင့် သူ ရုတ်တရက် လန့်သွားသည်။ ကားကလေးသည် ရှေ့သို့ အရှိန်ဖြင့် ဟပ်ထိုး သွားပြီးနောက် စက်ရပ်သွားသည်။

ကားဝင်ရိုး ကျိုးသွားပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

ဖောင်းလားက ပြုံးလိုက်သည်။

'မင်းသာ သစ်ပင် နောက်မှာ ပုန်းမနေရင် ပထမ အခေါက် ကတည်းက ငါက ကားပေါ် ဆွဲတင်မှာပေါ့' နှစ်ယောက်သား ရယ်လိုက်ကြသည်။ ဒက်ဖနီက ကော်ဖီ ပူပူ နှစ်ခွက် သွားယူသည်။ 'မင်းက အချက်အပြုတ် တော်တော် ကောင်းတာပဲ'

'ကျေးဇူးတင်ပါတယ်၊ ရှင်လည်း ကောင်းပါတယ်၊ အမဲပြုတ်ကြော်တွေက စားချင်စရာပဲ'

ဖောင်းလားက မျက်နှာ ခပ်ညှိုးညှိုးဖြင့် ပြုံးလိုက်ပြီး 'ငါက အချက်အပြုတ် အလေ့အကျင့် အများကြီး ရှိခဲ့တာ၊ ကိုယ့်ထမင်းကိုယ် ချက်စားလာခဲ့တာ ၁၅ နှစ်တိတိ ရှိခဲ့ပြီ'

'ရှင် ဘာဖြစ်လို့ နောက်ထပ် အိမ်ထောင် မပြုတာလဲ ဟင်'

'ငါ အိမ်ထောင်ပြုချင်စိတ် မရှိတော့ဘူး၊ ငါ သဘောကျတဲ့ အိမ်ထောင်ရှင်မလောင်းကိုလည်း လုံးဝ မတွေ့ခဲ့လို့ပါ' သူက 'အခုတော့ တွေ့ရပါပြီ' ဟု ပြောလိုက်ချင်သည်။ သို့သော် သူ့ပါးစပ်မှ ပြောလို့ မထွက်။ ဒက်ဖနီ စိတ်ထိခိုက်သွားမည်ကို စိုးရိမ်သည်။ 'ငါ့အနေနှင့်တော့ ထပ်ပြီး အိမ်ထောင်ပြုဖို့ သိပ်မကောင်းတော့ပါဘူး၊ ဒါပေမဲ့ မင်းအနေနှင့်တော့ ပြုသင့်တယ်၊ မင်းမှာက အရွယ် ရှိသေးတယ်'

ဒက်ဖနီက မှိုင်တွေတွေ ဟန်ဖြင့် ခေါင်းကို ခါယမ်းပြီး ဖောင်းလား၏ မျက်နှာကို မော့ကြည့်လိုက်သည်။

'ကျွန်မကတော့ အဲဒီလို မထင်ဘူး၊ ဘဝမှာ လွန်ခဲ့ပြီးတဲ့ အရာကို ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး၊ ပြန်ပြီး ဖန်တီးယူလို့ မရနိုင်တော့ပါဘူး၊ ဒါမျိုး ဆိုတာက တစ်သက်မှာ တစ်ကြိမ်သာ ရနိုင်တဲ့ အရာမျိုးပါ မစ္စတာ ဖောင်းလား'

'အဲဒါလည်း အဲဒါပေါ့လေ၊ ဒါပေမဲ့ တခြား အတွေ့အကြုံ ဆိုတာလည်း ရှိသေးတာပဲ၊ အတွေ့အကြုံ တစ်ခုဟာ တခြား အတွေ့အကြုံ တစ်ခုနှင့် မတူနိုင်ပါဘူး'

'ဘာလို့ မတူရမှာလဲ၊ အခုပဲ ကြည့်လေ၊ မစ္စတာ ဖောင်းလားရဲ့ ဘဝနှင့် ကျွန်မရဲ့ ဘဝဟာ ဘာထူးသလဲ၊ အတူတူပဲ မဟုတ်လား'

'မတူပါဘူး၊ မင်းက ငါ့ထက် ပိုပြီး ကံကောင်းပါတယ်'

'ဟင် ကျွန်မက ပိုပြီး ကံကောင်းတယ် ဟုတ်လား၊ ဘာကြောင့်ပါလိမ့်ရှင်'

mgyoe.com

